ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


## Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ ကယန်းသာယာ(တောင်)ကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥစ္စာနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၂၀ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၂ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၄ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၆ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၉ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၃၁ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၃ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၃၆ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၉ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၄၁ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၄ |

# လှိုင်ကော်မြို့နယ်မြေပုံ



လှိုင်ကော်မြို့နယ်
N
စကေး - ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြုရူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါ်ခေါ်ရူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြုံစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ရူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၇-၂၀၁၈) ခုနှစ်

ကျေးရွာအုပ်စုအမည်-နွားလပိုး ကျေးရွာအမည်-ကယန်းသာယာ(တောင်) ရက်စွဲ ၁၅.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

ကယန်းသာယာ(တောင်)ကျေးရွာသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ နွားလပိုး အုပ်စုအတွင်း တွင်ပါဝင်ပါသည်။ ကယန်းသာယာ(တောင်)ကျေးရွာ၏အရှေ့ဘက်တွင် လယ်ထွဲ ကျေးရွာ၊ တောင်ဘက်တွင် နွားလပိုးရွာမကျေးရွာ၊မြောက်ဘက်တွင် ကယန်းသာယာ(မြောက်)ကျေးရွာ တည်ရှိပြီး အနောက်ဘက်တွင် ထီရိကျေးရွာ ရှိပါသည်။ကယန်းသာယာ(တောင်)ကျေးရွာမတည်မှီတွင် ယခုနေထိုင်သည့် ကျေးရွာနှင့်(၂)မိုင်ခန့်ကွာဝေးသည့် နေရာတွင် စတင်နေထိုင်ခဲ့ကြပါသည်။ ထိုအချိန်က "ကယန်းသာယာ" ဟုသာခေါ်သွင်ခဲ့ကြပါ သည်။ထိုရွာဟောင်း "ကယန်းသာယာ"ကို လွန်ခဲ့သော (၁၉၆၉)ခုနှစ်တွင် ဟန်အို(လအို)ကျေးရွာတွင် နေထိုင် ကြသော ဦးကောင်း ၊ဦးဝယ် ၊ဦးထျန်းတို့သည် စားဝတ်နေရေးအခက်အခဲကြောင့် ရေကြည်ရာမြက်နုရာသို့ ပြောင်းရွှေ့လိုရာ ကုန်းသာကျေးရွာတွင်နေထိုင်ကြသောဦးက၊ ဦးထီးတို့နှင့် တွေ့ဆုံခဲ့ရာငင်းတို့ကလုပ်ကိုင် စားသောက်၍ အဆင်ပြေနိုင်သောထီရိကျေးရွာ၏ မြောက်ဘက်(၂)မိုင်အကွာအဝေးခန့်နေရာကို လမ်းညွှန်ပေးခဲ့ ပါသည်။ ထို့နောက်ရွာသူကြီး ဦးဟိုက်နှင့် ဓမ္မဆရာဦးဘလန်း ၊ ဦးဝယ်တို့က နွားလပိုး ၊နီးကိုးအုပ်စုရှိ ဦးကူးဒူ၊ ဦးစောကနတို့နှင့် တိုင်ပင်ပြောကြားကြရာ ငင်းတို့မှ နေထိုင်ရန်သင့်လျော်ကြောင့် ထောက်ခံ အားပေးခဲ့သဖြင့် ငင်းနေရာသို့ လူ(၁၈)ဦးခန့် ဦးစွာရွှေ့ပြောင်းနေထိုင်ခဲ့ကြပါသည်။ ထို့နောက် သက်ဆိုင်ရာလူကြီးမင်းများနှင့် တိုင်ပင်ဆွေးနွေးခဲ့ရာ ကယားပြည်နယ်အစိုးရ နိုင်ငံတော်ကောင်စီဝင် ဦးသိုင်းသန်းတင်က သဘောတူလက်ခံခဲ့ပြီး ရွာအမည်ကို ကယန်းသာယာကျေးရွာဟု အမည် ပေးခဲ့ပါသည်။

ထို့နောက်ပိုင်းတွင် စားဝတ်နေရေး လမ်းပန်းဆက်သွယ်ရေးအဆင်ပြေစေဖို့ရန် ရည်ရွယ်ပြီး (၁၉၇၂)ခုနှစ်တွင် ကယန်းသာယာကျေးရွာမှ မိသားစု(၇)ဦးမှ ယခုလက်ရှိနေထိုင်သည့် ကားလမ်းမကြီး လမ်းဆုံလမ်းခွသို့ ရွှေ့ပြောင်းလာကြပြီး ရွာအသစ်လာရောက် တည်ကြသည်။ ယခုလက်ရှိ လမ်းဆုံလမ်းခွနေရာသည်ယခင်တည်ရှိခဲ့သော ရွာဟောင်း၏ တောင်ဘက်အရပ်တွင် တည်ရှိခဲ့သောကြောင့် ကယန်းသာယာ(တောင်)ဟု အမည်ပေးခဲ့ကြခြင်း ဖြစ်ပါသည်။ ကယန်းသာယာ ကျေးရွာကို ဦးဟိုက် ၊ ဦးတို ၊ ဦးဘလန်း အပါအဝင် (၁၄)ဦးတို့ မှ ဦးဆောင်တည်ထောင်ခဲ့ကြပါသည်။

ကယန်းသာယာ(တောင်)ကျေးရွာသည် (၁၉၈၆ - ၁၉၈၇)ခုနှစ်အတွင်း ကျေးရွာတစ်ရွာ လုံး ဝမ်းပျက်၊ ဝမ်းလျော၊ ဝက်သက်ရောဂါများ ဖြစ်ပွားကာ လူအများသေဆုံးကြသည်။ ထိုသို့ရောဂါများဖြစ်ပွားသောကြောင့် တစ်ချို့သောမိသားစုဝင်များမှာ နာနတ်တောကျေးရွာနှင့် အနောက်ပဒေါင်သို့ ပြောင်းရွှေ့သွားကြသည်။ လေငန်းဖျားရောဂါမှာ ထိုနှစ်အတွင်းဖြစ်ပွားပြီး သေဆုံးမှုမှာလည်း များပြားပါသည်။ သို့သော် တစ်ရွာလုံးနီးပါးမဖြစ်ပွားခဲ့ပါ။ (၂၀၁ )ခုနှစ်တွင် ကျေးရွာအတွင်း ပြင်းထန်သောလေပြင်းများ တိုက်ခတ်ခဲ့ပါသည်။ လေပြင်းကြောင့် ကျေးရွာအိမ်အများစုပျက်စီးသွားပြီးဒုက္ခများကြုံတွေ့ခဲ့ရပါသည်။ (၂၀၁ )ခုနှစ်တွင် ထပ်မံ

တိုက်ခတ်ခဲ့သော်လည်း ပထမအကြိမ်လောက်ပြင်းထန်မှုမရှိတော့ပါ။ (၄-၅)အိမ်သာ အနည်းငယ်ပျက်စီးသွား ခဲ့ပါသည်။

ကျေးရွာအနေဖြင့် ကျေးရွာရွာသချိုင်းကို မူလကျေးရွာတည်စလမ်းခွအနီး တောင်ကုန်း ပေါ်တွင်ရှိသော်လည်း (၁၉၉၇-၁၉၉၈)ခုနှစ်တွင် နိုင်ငံရေးအရ ပြောင်းရွှေ့ခဲ့ရပြီး ရွာတည်စ အထိမ်းအမှတ်ဖြင့် (၁၉၈၃)ခန့်တွင် လမ်းခွတွင် ဘာသာရေးအမှတ်အသားဖြစ်သည့် လက်ဝါး ကားတိုင်ကို ထားရှိသော်လည်း( ၁၉၉၇ - ၁၉၉၈ )ခုနှစ်တွင်နိုင်ငံရေးအခြေအနေကြောင့် ဖြိုဖျက်ခဲ့ရပါသည်။

| | |
|---|---|
| **ပါဝင်ဆွေးနွေးသူ** | **မှတ်တမ်းတင်သူ** |
| ကျား - ၄၉ ဦး | အမည် - ဒေါ်ခင်မြိုင်ဝင်း |
| မ - ၃၄ ဦး | ရာထူး - လူထုစည်းရုံးရေးမှူး |

## လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးအရင်းအမြစ်ပြမြေပုံ<br>ocial Map/Resource Ma | ၁၅.၁၀.၂၀၁၇ | ရပ်မိ၊ရပ်ဖ<br>ကော်မတီဝင်များ | ၄၉ | ၃၄ | ၈၃ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေမြစ်ချောင်း၊ရေတွင်းရေကန်သစ်တောများ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်<br>(Wealth Ranking) | ၁၅.၁၀.၂၀၁၇ | ချမ်းသာ၊<br>အလယ်အလတ်၊<br>နွမ်းပါးအုပ်စု | ၄၉ | ၃၄ | ၈၃ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်းကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၅.၁၀.၂၀၁၇ | ကော်မတီဝင်၊<br>အမျိုးသမီး၊<br>အမျိုးသားများ | ၄၉ | ၃၄ | ၈၃ | အမျိုးသမီးနှင့်<br>အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ<br>် ထားသည့် ပိုင်ဆိုင်မှု(သို့)<br>အရင်းအမြစ် များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန်<br>Seasonal Calender | ၁၅.၁၀.၂၀၁၇ | ကော်မတီဝင်၊<br>အမျိုးသမီး၊<br>အမျိုးသားများ | ၄၉ | ၃၄ | ၈၃ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊<br>လယ်ယာလုပ်ငန်းများ၊<br>ဝင်ငွေထွက်ငွေ၊မွေးမြူ<br>ရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက်<br>(Spider Web) | ၁၅.၁၀.၂၀၁၇ | အမျိုးသား၊<br>အမျိုးသမီးများ | ၄၉ | ၃၄ | ၈၃ | အမျိုးသား၊အမျိုးသမီးများ<br>ဘတန်းတူအခွင့်အရေးရရှိမှုနှင့်<br>မရရှိသည့်အကြောင်းအရင်းများ |
| ၆ | အဖွဲ့အစည်းချိတ်ဆက်ပုံ<br>(Venn Diagram) | ၁၅.၁၀.၂၀၁၇ | ကျေးရွာလူမှုဖွံ့ဖြိုး<br>ရေးအဖွဲ့၊အုပ်ချုပ်ရေး<br>အဖွဲ့၊ကျေးရွာစီ<br>ထောက်အဖွဲ့ | ၄၉ | ၃၄ | ၈၃ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများ<br>နှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အတွက်<br>ချိတ်ဆက် ဆောင်ရွက်လုပ်ကိုင်မှု |

# ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံရေးဆွဲခြင်း

မြို့နယ်-လှိုင်ကော်    ကျေးရွာအုပ်စု-နွားလပိုး   ကျေးရွာ-ကယန်းသာယာ(တ)   ရက်စွဲ -၁၅.၁၀.၂၀၁၇...



ပါဝင်ဆွေးနွေးသူ -

ကျား -၄၉ဦး

မ   - ၃၄ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြ မြေပုံသုံးသပ်ချက်

ကယန်းသာယာ(တောင်)ကျေးရွာတွင်အိမ်ခြေ(၁၅၇)အိမ်ရှိပြီး တစ်ရွာလုံး ကယန်းလူမျိုးများဖြစ်ကြပါသည်။ ကက်သလစ်ဘာသာကို တစ်ရွာလုံး ကိုးကွယ်ကြပါသည်။ ကယန်းသာယာ(တောင်)၏ အဓိကအသက်မွေးဝမ်းကြောင်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စိုက်ပျိုးရေးတွင်မှ အဓိကစိုက်ပျိုးရေး လုပ်ငန်းမှာ တောင်ယာနှင့် လယ်ယာဖြစ်ပါသည်။ ထို့အပြင် ပြောင်း၊ ပဲစင်းငုံ၊ မြေပဲတို့ကိုလည်း စိုက်ပျိုးကြသည်။ ရေတ်သီး၊ ဌက်ပျောပင်နှင့် သရက်ပင်လည်း မိသားစု တစ်နိုင်တစ်ပိုင်အနည်းငယ်စိုက်ပျိုးကြသည်။ ကျေးရွာတစ်ရွာလုံး အတိုင်းအတာအရ ကျေးရွာစိုက်ပျိုးမြေမှာ တောင်ယာ(၂၀၀)ဧက ရှိပြီးလယ်ယာ(၈၀)ဧကခန့်ရှိပါသည်။ ထိုသို့မျှရှိသော်လည်း စားဝတ်နေရေး အဆင်ပြေရုံလောက်သာရှိသည်။ ပိုလျှံခြင်းအနည်းငယ်သာရှိသောကြောင့် ငွေရေးကြေးရေးအရလည်း ချမ်းသာမှုနည်းပါးပါသည်။ ထို့အပြင် တောင်ယာ၊ လယ်ယာ ပိုင်ဆိုင်ခြင်းမရှိသော အိမ်များလည်းရှိပါသည်။ မွေးမြူရေးတွင် ကျေးရွာမှ စီးပွားရေးအရ မွေးမြူကြခြင်းမရှိဘဲ မိသားစု တစ်နိုင်တစ်ပိုင် အနေဖြင့် ကြက် ၊ ဝက် ၊ နွား တို့ကိုသာ မိသားစု စားသုံးရန် မွေးမြူကြသည်။

ကျေးရွာလမ်းပန်းဆက်သွယ်ရေးတွင် ကျေးရွာကိုဖြတ်သွားသောလွိုင်ကော်-တောင်ကြီးလမ်းမကြီးနှင့် လွိုင်ကော် - ရန်ကုန်လမ်းမကြီး မှာ အကောင်းဆုံးလမ်းဖြစ်သည်။ ကျန်ရှိ ရွာတွင်းလမ်းများအားလုံးမှာ မြေသားလမ်းများဖြစ်သောကြောင့် လမ်းသွားလာရ ခက်ခဲပါသည်။ ကျေးရွာဘုရားကျောင်းလမ်း နှင့် ကျန် ရွာလမ်းကြား (၂)လမ်းမှာ ဂဝံလမ်းဖြစ်ပြီး World Visionအထောက်အပံ့ ဖြင့် ပြုပြင်ထားပါသည်။ သို့သော်ယခုအခါ အချိန်ကြာသည့် အတွက် ပျက်စီးနေပြီ ဖြစ်ပါသည်။ မြေသား လမ်းများ ဖြစ်သောကြောင့် မိုးရာသီတွင် လမ်းများ ဗွက်အလွန်ထသောကြောင့် တစ်အိမ်နှင့် တစ်အိမ် ကူးသန်းသွားလာဖို့ရန်ပင် အဆင်ပြေမှု မရှိပါ။ လမ်းများ ချော်သောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် နောက်နေးကြန့်ကြာမှုများ ဖြစ်လာပါသည်။ ကျောင်းသား သူများ အနေဖြင့်လည်း ကျောင်းသွား ပြန်ရာ တွင်လည်း ညစ်ပေခြင်း ၊ ချော်လဲခြင်းစသည့် တို့ကိုလည်း ကြုံတွေ့ရပါသည်။ မြေသားလမ်းများ ဖြစ် သောကြောင့် လမ်းတွင် မြက်ထူထပြီး ခြင်များ ၊မြွေများ လည်း ပေါ်များပါသည်။

ကျေးရွာရေရရှိမှုတွင် ကျေးရွာအတွင်း ရေထွက်ပေါက်အသေးလေး တစ်ခုရှိသော်လည်း သေးငယ်သောကြောင့် ရေထွက်မှုနည်းပါသည်။ တစ်ရွာလုံး အတိုင်းအတာအရ လောက်ငှမှုမရှိပေ။ ထို့ပြင် ရေတွင်း (၃)တွင်း ၊ အဝီစိတွင်း (၁)တွင်းရှိသော်လည်း တစ်ရွာလုံး အနေအထားအရ မလောက် ငှပါ။ကယန်းသာယာ(တောင်)နှင့် ထီရိပိုင်ရေထွက်ပေါက် တစ်ခုရှိပါသည်။ ကယန်းသာယာ(တောင်)သာမကရွာနီးပေါင်းချုပ်ကျေးရွာအားလုံးများလည်း လာရောက်ခပ်ယူကြပါသည်။ ကျေးရွာအနေဖြင့်လည်း ထိုရေထွက်ပေါက်တွင် သွားရောက်ခပ်မှသာ လောက်ငှပါသည်။ ကျေးရွာအတွင်း ရေလှောင်ကန် ဂါလံ (၂၅၀၀) ၊(၃၀၀၀) ၊ (၅၀၀၀) ဆံ့သော ရေလှောင်ကန် (၃)ကန်ရှိသော်လည်း ရေထွက်ပေါက်မှ ရေသွယ်တန်းခွင့် မရသောကြောင့် နှင့် ရေတွင်ထုံးဓာတ်များသောကြောင့် ရေပိုက်သွယ်ရာတွင် အခက်အခဲဖြစ်ခြင်း တို့ကြောင့် အသုံးပြု၍မရဘဲ အလဟာသဖြစ်နေပါသည်။ ထို့ကြောင့် ရေ မလုံလောက် သောကြောင့် စက် ၊ နွားလှည်း ၊ဆိုင်ကယ်တို့ဖြင့် သွားရောက်ရေသွားခပ် ရပါသည်။ မခပ် နိုင်သော သက်ကြီးရွယ်အိုများ၊ မုဆိုးမတို့ အနေဖြင့် ရေဝယ်ရသောကြောင့် အခက်အခဲများ ကြုံတွေ့ရ ပါသည်။

ကျေးရွာပညာရေး အခြေအနေတွင် မူလတန်းကျောင်း (၁)ကျောင်းရှိပြီး ကျောင်းသား (၆၆)ဦး နှင့် ကျောင်းသူ (၆၀)ဦး စုစုပေါင်း (၁၂၆)ဦး ပညာသင်ကြားနေပါသည်။ ဆရာမ (၄)ဦး ဆရာ(၃)ဦး သင်ကြား ပေးပါသည်။ ကျေးရွာအတွင်းတွင် မူကြိုကျောင်းမရှိသေးသော်လည်း ဘုရားကျောင်းဟောင်းတွင်သာ မူကြိုဖွင့်လှစ်ထားပါသည်။မူကြိုကလေး (၃၂)ယောက်ရှိပြီး ဆရာမ(၂)ဦး ရှိပါသည်။ ကျေးရွာဆရာမ၏ လခကို World Visionမှ ထောက်ပံ့ပေးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးခန်း (၁)ခန်း ရှိပြီး ကျေးရွာဆရာမ (၂)ဦး ရှိပါသည်။

ကျေးရွာမီးရရှိမှုတွင် ကျေးရွာအတွင်း မီးရရှိရန် မီးဝေးဝေရေ လျှပ်စစ်ဓာတ်အားရုံး ရှိသော်လည်း ငွေရေးကြေးရေး အဆင်မပြေသောကြောင့် မီတာဘောက်များ မဝယ်နိုင်သေး၍ မီး အခက်အခဲများ ကြုံတွေ့နေရပါသည်။ တစ်ရွာလုံး မီးလင်းမှု မရှိသေးပါ။ အနည်းငယ်အဆင်ပြေသော အိမ်များသာမီးရရှိပါ သေးပါသည်။

ကျေးရွာတိုးတက်လာမှုတွင် ယခင်က ကျေးရွာခန်းမဆောင် မရှိသော်လည်း ယခုအခါ လူထုဗဟိုပြု စီမံကိန်းတို့မှ ဆောင်ရွက်မှုများကြောင့် ယခုအခါခန်းမဆောင်ရှိလာပြီဖြစ်သည်။ ခန်းမဆောင်ရှိလာသည့် အတွက် ကျေးရွာတစ်ရွာလုံး အစည်းအဝေးပြုလုပ်ရာတွင် အဆင်ပြေခြင်း ၊ တစ်နှစ်ပတ်လုံးသုံးရန် အဆင်ပြေပြီး သာရေး၊ နာရေးကိစ္စများ ၊ လူငယ်များသီချင်းတိုက်ခြင်း ၊ အကတိုက်ခြင်း၊ သင်တန်းဖွင့်ခြင်းနှင့် ဘုရားစကားသင်ကြားခြင်းများကို များစွာဆောင်ရွက်နိုင်ခဲ့သည့် အတွက်အကျိုးကျေးဇူးများစွာရရှိပါသည်။

# ဥစ္စာဓနအဆင့် ခွဲခြားမှု စံနမူနာပုံစံ

မြို့နယ် ...လှိုင်ဘော်၊ ကျေးရွာအုပ်စု-နွားလဝိုး. ကျေးရွာ-ကယန်းသာယာ(တ)၊ ရက်စွဲ ...၁၅.၁၀.၂၀၁၇...

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေးအတွက် | ရာခိုင်နှုန်း |
| --- | --- | --- | --- |
| ချမ်းသာ | တိုက်အိမ်၊ ကား၊ လယ်(၃)ကေ အထွက်၊ တောင်ယာ(၈)ကေအထက်၊ ထွန်စက်ကြီး ၊ကျွဲကျို ၊ ဂျီယာတိုင် ၊ ဆိုင်ကယ်၊ စတိုးဆိုင် ၊ဆန်စက်။ | ၁၆အိမ် | ၁၀% |
| အလယ်အလတ် | ပျဉ်ထောင်အိမ်၊တိုက်ပု၊ကိုင်းရှည်၊ ကျွဲကျို ၊ထော်လဂျီ ၊ဆိုင်ကယ် ၊ လယ် (၂)ကေအောက် ၊ တောင်ယာ(၂)ကေ အောက် | ၁၀၁အိမ် | ၆၄.၃% |
| ဆင်းရဲ/နွမ်းပါး | ထရံသက်ကယ်၊ သွပ်မိုး ၊လယ်ယာ ပိုင်ဆိုင်မရှိ ၊ ရှိသော်လည်း နဲနဲပါး ၊ ဆိုင်ကယ် ၊ စက်ဘီး ၊ လက်လုပ်လက်စားများ ၊ ကျပန်းများ။ | ၄၀အိမ် | ၂၅.၄% |
| စုစုပေါင်းအိမ်ထောင်စု | | ၁၅၇အိမ် | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၄၉ဦး

မ-၃၄ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

ကယန်းသာယာ (တောင်) ကျေးရွာ၏ စုစုပေါင်းအိမ်ခြေမှာ (၁၅၇) အိမ်ရှိပါသည်။ ကယန်းသာ ယာ (တောင်) ကျေးရွာကို-

**(၁) ချမ်းသာ အဆင့်**

**(၂) အလယ်အလတ်အဆင့်**

**(၃) ဆင်းရဲ အဆင့် ဟူ၍အဆင့်(၃)ဆင့် ခွဲခြား ဆွေးနွေးထားပါသည်။**

**ချမ်းသာအဆင့်**

ကျေးရွာ၏ ချမ်းသာအဆင့်တွင်ရှိသော အိမ်ခြေ (၁၆) အိမ်သည် ထို အဆင့်တွင် တည်ရှိနေရ ခြင်းမှာ အလုပ်ကို ကြိုးစားစွာလုပ်ကိုင်ခြင်း ၊ ဘိုးဘွားပိုင် အမွေများ၊ လယ်ယာ တောင်ယာများပိုင်ဆိုင်နိုင်ခြင်း၊ စီးပွားရေးကို တစ်ခုတည်းမလုပ်ကိုင်ဘဲ အမျိုးမျိုးလုပ်ကိုင်ခြင်း၊ ပညာ အတော်အတန်တတ်ပြီး မျိုးရိုးအလိုက် ချမ်းသာခြင်းများ ကြောင့် ဖြစ်သည်။







**အလယ်အလတ်အဆင့်**

ထိုအဆင့်တွင် အိမ်ခြေ (၁၁၀)ရှိပြီး အလယ်အလတ်တန်းစားများရခြင်း အကြောင်းမှာ - တောင်ယာ ၊လယ်ယာ အနည်းငယ် ပိုင်ဆိုင်ခြင်း ၊ ရပ်ဝေးတွင် အလုပ်လုပ်ကိုင်ခြင်း ၊ ဈေးဆိုင်တစ်နိုင် တစ်ပိုင် ရောင်းချခြင်း ၊ မြေခြံပွဲစားများ လုပ်ကိုင်ခြင်း ၊ အတိုးချေးစားခြင်း နှင့် ဝင်ငွေ ထွက်ငွေ အကျိုးရှိစွာ အသုံးပြုခြင်း စသည်တို့ကြောင့်ဖြစ်သည်။

**ဆင်းရဲအဆင့်**

ထိုအဆင့်တွင် အိမ်ခြေ (၃၁) အိမ်ရှိပြီး ထိုအဆင့်တွင် တည်ရှိနေရခြင်းမှာ - အလုပ်ကိုရွေး၍ လုပ်ကိုင်ခြင်း ၊ မိသားစု (၁)စုတွင် တစ်ဦးသာ အလုပ်လုပ်ပြီး မှီခိုသူများခြင်း ၊ မိရိုးဖလာ ရေးရိုးစွဲ၍ လုပ်ကိုင်ခြင်း ၊ ဝင်ငွေထက် ပို၍သုံးဖြုန်းခြင်း ၊ အရင်းအနှီးမရှိခြင်း ၊ ပညာမတတ်ခြင်း ၊ အသိပညာ ဗဟုသုတနည်းပါးခြင်း ၊ ငွေတိုးပေါ် အတိုးဆင့်၍ အတိုးများလာခြင်း စသည်တို့ကြောင့် ဖြစ်သည်။

# ရာသီခွင်ပြက္ခဒိန်

| အကြောင်းအရာ | ဧပြီလ | မေလ | ဇွန်လ | ဇွန်လိုင<br>လ် | ဩဂုတ်<br>လ | စက်တင်<br>ဘာလ | အောက်တို<br>ဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာ<br>လ | ဇန်နဝါရီ<br>လ | ဖေဖော်ဝါ<br>ရီလ | မတ်လ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | |  |  |  | ပေါင်း → | လိုက် → | ရိတ် → | သိမ်း → | | | | |
| ဝင်ငွေ/ထွက်ငွေ | | $$ | $$ | $$ | $$ | $$$<br>$$ | $$$<br>$$ | $$$<br>$$ | $$$$<br>$$ | $$$<br>$ | $ | |
| ကျန်းမာရေး | ဝမ်းပျက် → | ဝမ်းလျော → | သွေးလွန် → | တုပ်ကွေး → | | | နာစေး → | ချောင်းဆိုး → | တုပ်ကွေး → | → | | |
| ပွဲလမ်းသဘင် | | | | | မယ်တော်<br>ပွဲ | | | သင်္ချိုင်းပွဲ | ခရစ္စမတ် ပွဲ | | | |
| သောက်သုံးရေရရှိမှု | | | ← လုံ | လောက် | မှုရှိ → | → | | → | → | မလုံ → | လောက် → | → |
| အလုပ်အားလပ်ချိန် | | | | | | | | | | → | အား → | လပ်ချိန် → |

ပါဝင်ဆွေးနွေးသူ -

ကျား - ၄၉ဦး

မ - ၃၄ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်

## ရာသီဥတု

ဖွန်လမှ စက်တင်ဘာလ အထိ မိုးများပြီး ရဖန်ရန်ခါ အောက်တိုဘာလထိ များသည်။ ထိုသို့သော် အချိန်အခါမျိုးတွင် ကျေးရွာအနေဖြင့် စပါးများ ၊ သီးနှံများ ပျက်စီးပြီး ကျပ်တည်းပါသည်။ အောက်တိုဘာ လ မှ ဇန်နဝါရီလ အထိ ဆောင်းတွင်း ကာလဖြစ်ပြီး ကျေးရွာမှာ တောင်ကုန်း အနေအထား ပေါ်တွင် တည်ရှိသောကြောင့် နှင့် သစ်ပင်များ ပေါများသောကြောင့် ကျေးရွာ၏ ဆောင်းရာသီကာလများမှာ အလွန်အေးချမ်းပါသည်။ ဖေဖော်ဝါရီလ မှ ဧပြီလမှာ နွေကာလဖြစ်ပြီး ဖေဖော်ဝါရီ မတ်လတို့မှာ ကျေးရွာ အလုပ်ပါးသော လများဖြစ်သည်။

## စိုက်ပျိုးရေး

မေလမှ ဇွန်လိုင်လအထိ စိုက်ပျိုးရေးကာလဖြစ်ပြီး ထိုကာလတွင် (တောင်ယာစပါး ၊ ပြောင်း ၊ ပဲစင်းငုံ ၊ လယ်စပါး )တို့ကို စိုက်ပျိုးကြသည်။ စက်တင်ဘာလတွင် ပေါင်းလိုက်ပြီး အောက်တိုဘာလ နှင့် နိုဝင်ဘာတွင် ရိတ်သိမ်းကြသည်။ ထိုကာလသည် အလုပ်အရမ်းများသော လဖြစ်သည်။ ပဲစင်းငုံကို ဒီဇင်ဘာလကုန်မှ သာ ခူးယူကြသည်။ မိုးကောင်းသော နှစ်များတွင် နွေစပါးကို ဒီဇင်ဘာလတွင် စတင်စိုက်ပျိုးကြသည်။ ဆည်ရေလုံလောက်ပါက အနီးအနားလယ်များက မိုးမကောင်းသော်လည်း စိုက်ပျိုးကြပါသည်။

## ဝင်ငွေ နှင့် ထွက်ငွေ

စက်တင်ဘာလနှင့် ဇန်နဝါရီလတို့မှာ ကျေးရွာ၏ ဝင်ငွေ အများဆုံးလများဖြစ်သည်။ ထိုလများတွင် သီးနှံများ ရိတ်သိမ်းကာလဖြစ်ပြီး ရောင်းချမှုကြောင့် ဝင်ငွေများရှိ ခြင်းဖြစ်သည်။ ထွက်ငွေ အနေဖြင့် တစ်နှစ်ပတ်လုံးထွက်ငွေရှိပြီး စိုက်ပျိုးရေစသော လများတွင် ထွက်ငွေ အများဆုံးဖြစ်သည်။ အရင်းအနှီးမရှိသော အချို့မှာ ငွေတိုးချေး၍ လုပ်ကိုင်ကြရသည်။

## ကျန်းမာရေး

ကျေးရွာအနေဖြင့် ဧပြီလ နှင့် မေလတွင် ဝမ်းပျက်ဝမ်းလျော အဖြစ်များသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျေးရွာအနေဖြင့် ယင်လုံအိမ်သာ သုံးစွဲမှု နည်းစနစ်မမှန်ခြင်း နှင့် ရေပါး၍ နောက်ဆက်တွဲ ကြုံလာရ ခြင်းဖြစ်သည်။ မိုးဦးကာလတွင် သွေးလွန်တုတ်ကွေး အဖြစ်များပြီး ထိုသို့ဖြစ်ရခြင်းမှာ အသိပညာ ဗဟုသုတနည်းပါးခြင်း ၊ ကျန်းမာရေး အသိပညာမရှိခြင်းကြောင့် ဖြစ်သည်။ ဆောင်းဝင်စတွင်လည်း ရာသီရောဂါဖြစ်သော နှာစေး ၊ ချောင်းဆိုး အဖြစ်များပါသည်။

## ပွဲလမ်းသဘင်

ကျေးရွာသည် ခရစ်ယာန် ကက်သလစ်များသာ ဖြစ်သောကြောင့် ကျေးရွာအနေဖြင့် ပွဲတော်များ ကို ဩဂုတ်လတွင် မယ်တော်ပွဲ နှင့် နိုဝင်ဘာလတွင် သင်္ချိုင်းပွဲ များကျင်းပကပြီး ဒီဇင်ဘာလတွင် ကျေးရွာ အနေဖြင့် ခရစ္စမတ်ပွဲတော်ကို တစ်ရွာလုံးစည်စည်ကားကား

ကျင်းပကြပါသည်။ ကယန်းရိုးရာ ပွဲတော်ကို တစ်ပြည်နယ်လုံးအတိုင်းအတာအရ တစ်နှစ်တစ်ခါ ကျရာ ကျေးရွာများတွင်သာ ကျင်းပကြသဖြင့် ကယန်းသာယာ (တောင်) အနေဖြင့် ရိုးရာပွဲများ မရှိပေ။

**သောက်သုံးရေရရှိမှု**

ဖွန်လ မှ စက်တင်ဘာလထိ ရေလုံလောက်မှုရှိသည်။ မိုးကောင်းသောနှစ်များတွင် မိုးရေခံမှုကြောင့် ရေကို လုံလောက်စွာသုံးစွဲနိုင်သည်.။ နွေကာလများတွင် သောက်သုံးရေမှာ အလွန်ရှား ပါးသည်။ ရေကို ချွေတာသုံးစွဲကြရသဖြင့် တစ်ခြားသော ဘက်ပေါင်းစုံမှ ဆိုးကျိုးများဖြစ်ပေါ်လာသည်။အ

**အလုပ်အားလပ်ချိန်**

ဇန်နဝါရီလ နှင့် ဖေဖော်ဝါရီလမှာ အလုပ်ပါးသော အလုပ်နားသော လဖြစ်ပြီး ကျန်လများမှာ အလုပ်များသည်။ အလုပ်ပါးသောလများ၊ နားသောလများတွင် ကျေးရွာမှ လုပ်သားများက ကြုံရာကျပန်း လုပ်ကိုင်ခြင်း၊ ပန်ရံလုပ်ခြင်း၊ တစ်ခြားသောကျေးရွာသို့ နေ့စား လိုက်ခြင်း၊ တောင်ယာရှင်းခြင်း နှင့် ရွာပောင်းပြန်ကာ စီးပွားရေးကို ပြန်ရှာကြသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ဘောလုံးကွင်း | အပ်ချုပ်စက် | စာသင်ကျောင်း |
| ကိုင်းရှည်စက် | လက်ယက်ကန်း | ဆေးပေးခန်း |
| ကား | | ဘုရားကျောင်း |
| ထွန်စက် | | စာကြည့်တိုက် |
| ပြောင်းခြွေစက် | | မူကြိုကျောင်း |
| မြက်ရိတ်စက် | | သင်္ချိုင်းကုန်း |
| နွား ၊ ဝက် | | တောင်ယာ၊လယ်ယာ |
| | | ကွန်ပြူတာ |
| | | ဖုန်း ၊တီဗီ |
| | | ရေထွက်ပေါက်၊ရေတွင်း |
| | | ဆိုင်ကယ်၊စက်ဘီး |

ပါဝင်ဆွေးနွေးသူ -

ကျား - ၄၉ဦး

မ - ၃၄ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ဘောလုံးကွင်း | အပ်ချုပ်စက် | စာသင်ကျောင်း |
| ကိုင်းရှည်စက် | လက်ယက်ကန်း | ဆေးပေးခန်း |
| ထွန်စက် | | ဘုရားကျောင်း |
| ပြောင်းခြွေစက် | | စာကြည့်တိုက် |
| မြက်ရိတ်စက် | | မူကြိုကျောင်း |
| | | သင်္ချိုင်းကုန်း |
| | | တောင်ယာ၊လယ်ယာ |
| | | ကွန်ပြူတာ |
| | | ဖုန်း ၊တီဗီ |
| | | ရေထွက်ပေါက်၊ရေတွင်း |
| | | ဆိုင်ကယ်၊စက်ဘီး |
| | | နွား ၊ ဝက် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၄၉ဦး

မ - ၃၄ဦး

မှတ်တမ်းတင်သူ

အမည် - ဒေါ်ခင်မြိုင်ဝင်း

ရာထူး - လူထုစည်းရုံးရေးမှူး

# အရင်းအမြစ်ထိန်းချုပ်မှုပုံစံဇယားသုံးသပ်ချက်

ကယန်းသာယာ(တောင်)ကျေးရွာ၏ အမျိုးသား နှင့် အမျိုးသမီးတို့၏-

**(၁) အရင်းအမြစ်သုံးစွဲမှု**


**(၂) အရင်းအမြစ် ထိန်းချုပ်မှု တို့ကို ဆန်းစစ်ကြည့်ရာတွင်**

ကျေးရွာအနေဖြင့် အမျိုးသမီးများ ထိန်းချုပ်မှု နှင့် သုံးစွဲမှု သည် အမျိုးသားများထက် နည်းနေရခြင်း အကြောင်းအရင်းမှာ - အမျိုးသားများသာ အလုပ်ကို ပိုမိုလုပ်ကိုင်ကြခြင်း ၊ အမျိုးသမီးများ အနေဖြင့် တောင်ယာ ၊ လယ်ယာစိုက်ခြင်း ၊ ပျိုးနုတ်ခြင်းကိုသာ စိတ်ဝင်စားခြင်း လုပ်ကိုင်ခြင်း၊ ကလေးများ မွေးဖွားပြီး အိမ်တွင်းတွင်သာ ရိုးရာယက်ကန်းကိုသာယက်နေကြခြင်း၊ ထို့ပြင် မိရိုးဖလာအရ အမျိုးသားများကိုသာ ဦးစားပေးခြင်း၊ အသိပညာနည်းပါးခြင်း၊ အမျိုးသားများကအမျိုးသမီးများကို အခွင့်အရေး ပေးသော်လည်းရှေးအစဉ်အလာကိုသာ လက်ခံထားကြခြင်း တို့ကြောင့်ဖြစ်သည်။

အမျိုးသားများ အနေဖြင့် သုံးစွဲမှု နှင့် ထိန်းချုပ်မှု များရခြင်း အကြောင်းအရင်းမှာ- အမျိုးသားများအတွက် အလုပ်အကိုင်ပိုမိုများပြားခြင်း၊ အိမ်ထောင်ဦးစီးဖြစ်ခြင်း၊ စက်ပစ္စည်း များကို ကိုင်တွယ်ရာတွင် ပိုမိုကျွမ်းကျင်စွာလုပ်ကိုင်နိုင်ခြင်း၊ အမျိုးသားများသာ စက်ပစ္စည်းနှင့် ပက်သက်ကြောင်း လက်ခံထားကြခြင်းတို့ကြောင့်ဖြစ်သည်။

ကျေးရွာအနေဖြင့် ယခင်ထက်ဆိုင်လျှင် အမျိုးသမီးနှင့် အမျိုးသားသုံးစွဲမှုနှင့် ထိန်းချုပ်မှုတွင် ယခုအခါအနည်းငယ် ပြောင်းလဲလာသည်။ ယခင်ကဲ့သို့ ရှေးရိုးဆန်ခြင်း နည်းပါးလာပြီးနေရာတော်တော်များများသုံးစွဲခွင့်နှင့် ထိန်းချုပ်မှု တန်းတူအနည်းငယ်ရှိလာပြီ ဖြစ်သည်။ ကယန်းသာယာ(တောင်)ကျေးရွာ အနေဖြင့် အမျိုးသား၊ အမျိုးသမီး ခွဲခြားနည်းပါးပြီး နှစ်ဦးသဘောတူမှာသာ ပစ္စည်းတစ်ခုခုရောင်းချခြင်းနှင့် ဝယ်ယူခြင်းများကို ဆောင်ရွက် ကြသည်။ အမျိုးသားများမှာ အမျိုးသမီးများကို တန်းတူနေရာပေးခြင်သော်လည်း အချို့သောအမျိုးသမီးများ အနေဖြင့် ရှေးအယူအဆကို ပျယ်ဖျက်ရန် စိုးရိမ်မှုရှိ နေသေးသည်။

# ပင့်ကူအိမ်သုံးသပ်ခြင်းပြပုံ




**ပါဝင်ဆွေးနွေးသူ -**

ကျား - ၄၉

မ - ၃၄

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခင်မြိုင်ဝင်း

ရာထူး -လူထုစည်းရုံးရေးမှူး

# ပင့်ကူအိမ် သုံးသပ်ချက်

## ဆုံးဖြတ်ပိုင်ခွင့်

အမျိုးသားများ အနေဖြင့် အမျိုးသမီးများကိုတန်းတူ ဆုံးဖြတ်ပိုင်ခွင့် ပေးထားသည်။ မိသားစု အရေးအရသော်လည်းကောင်း ၊ဘာသာရေး ၊ စီးပွားရေ အဖက်ဖက်မှ အမျိုးသမီးများ၏ ဆုံးဖြတ်ချက်များ ကို လေးစားပြီး အမြဲတိုင်ပင်ကြသည်။ ဆုံးဖြတ်ချက်ကို အမျိုးသား နှင့် အမျိုးသမီး နှစ်ဦးလုံးလက်ခံမှ ကျန်ကိစ္စများ ဆက်လက်ဆောင်ရွက်ကြသည်။

## လုပ်အားခ တန်းတူရရှိမှု

ထို အဆင့်တွင် အမျိုးသမီးများအနေဖြင့် အမျိုးသားနှင့် တန်းတူမရှိခြင်းမှာ အမျိုးသား များပြုလုပ်သော အလုပ်များကို အမျိုးသမီးများ အနေဖြင့် မပြုလုပ်နိုင်သေးသော အလုပ်များ ရှိသေးသောကြောင့် ထိုသို့သော အလုပ်များတွင် လုပ်အားခတန်းတူမရရှိပေ။ အမျိုးသမီးများထက် ကျွမ်းကျင်မှုအရည်အချင်းကွာခြားချက်များကြောင့် လည်းပါပါသည်။ သို့သော်တစ်ချို့သော အလုပ်များ တွင်လုပ်ကိုင် သည့် အရည်အချင်းတူညီပါက လုပ်အားခ တန်းတူရရှိပါသည်။

## အလုပ်အကိုင်အခွင့်အလမ်း

ကျေးရွာအနေဖြင့် အမျိုးသားများ အနေဖြင့် အလုပ်အကိုင် အခွင့်အလမ်း ပိုမိုများပြားပါသည်။ မည်သည့်နေရာဒေသမရွေး သွားရောက်လုပ်ကိုင်နိုင်ခြင်း၊ အမျိုးသားများအတွက် အလုပ်အကိုင်၊ အခွင့်အလမ်းပေါများခြင်း တို့ကြောင့်ဖြစ်သည်။ အမျိုးသမီးများ အနေဖြင့် အမျိုးသားများထက် အတန်းပညာအရပိုမို ပညာသင်ကြားရသော်လည်း အရှက်အကြောက်ကြီးခြင်း၊ ရိုးရာဘိုးဘွားပိုင်အလုပ်ကိုသာ ပိုမိုလုပ်ကိုင် ဆောင်ရွက်ကြ ခြင်း နှင့် ဗဟုသုတနည်းပါးခြင်းတို့ကြောင့် ပါဝင်သည်။

## အိမ်တွင်းမှု

အမျိုးသားများ နှင့် အမျိုးသမီးများ  အိမ်တွင်းမှု ကိစ္စများတွင် အများအားဖြင့် မည်သူ့တာဝန် ဟူ၍ခွဲခြားသတ်မှတ်ထားခြင်း မရှိပါ ။အမျိုးသမီးများ အနေဖြင့် လယ်စိုက်ခြင်း၊ ပေါင်းလိုက်ခြင်း၊ ပျိုးနုတ်ခြင်း ၊ စပါးရိတ်ခြင်း တို့ကို ပိုမိုလုပ်ကိုင်ရပြီး လယ်ထဲတွင်သာ အချိန်ကုန်သောကြောင့် အမျိုးသားများမှာ အိမ်တွင်း ဝေယျာကိစ္စများကို ဝိုင်းဝန်းကူကြသည်။

## ဦးဆောင်ခွင့်

မည်သည့်ကိစ္စမဆို ယခုအချိန်အထိ အမျိုးသား၏ ဆုံးဖြတ်ချက်အတိုင်းသာ အများဆုံးအတည်ပြု လုပ်ကိုင်ဆောင်ရွက်ကြသော်လည်း ယခင်ထက်ဆိုင်လျှင် အမျိုးသမီးများကို ဘာသာရေး ၊ လူမှုရေး ၊ စီးပွားရေးများတွင် ဦးဆောင်ခွင့် ပေးလာသည်။ ရှေးအယူအဆများကို အတော်အတန်ပျယ်ဖျက်လာပြီး အမျိုးသမီးများကို ဦးဆောင်ခွင့် ပေးလာသည်။ ကျေးရွာအတွင်းရှိ အနည်းငယ်သောအမျိုးသမီးများမှာ အတန်းပညာပိုမိုတတ်ခြင်းသော်လည်းကောင်း၊ ဗဟုသုတ

ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်ခြင်းများသောကြောင့် အမျိုးသားများထက် ပိုမိုဦးဆောင်နိုင်သူများလည်းရှိသည်။ ကျေးရွာအနေဖြင့်လည်း အမျိုးသမီးများ အရည်အချင်းများရှိလျှင် ကျေးရွာအုပ်ချုပ်ရေးမှူးပင် ပြုလုပ်နိုင်သည်ဟူသော အခွင့်အရေးပေးထား ပါသည်။

**ပူးပေါင်းပါဝင်ခွင့်**

ဘာသာရေး ၊စီးပွားရေး ၊လူမျိုးရေးနှင့် ရပ်ရွာကိစ္စများတွင် အမျိုးသမီးများကိုပါ ပါဝင်ဆွေးဆွေး ပူးပေါင်းပါဝင်ခွင့်ကို ပေးထားပါသည်။


**ပညာသင်ကြားခွင့်**

ကျေးရွာအနေဖြင့် ယခင်ကဲ့သို့ အမျိုးသားများကိုသာဦးစားပေးအနေဖြင့် ပညာသင်ကြားပေးခြင်း ကဲ့သို့ အဖြစ်မျိုးမရှိတော့ဘဲ ယခုအခါ အမျိုးသမီးများကိုလည်း ပညာသင်ကြားခွင့်ပေးထားပါသည်။ အမျိုးသမီးများကိုသာပိုမို ပညာသင်ကြားစေလာသည်။ ထို့ကြောင့် ကျေးရွာရှိကျောင်းမှာ အမျိုးသားနှင့် အမျိုးသမီး ဦးရေတူညီမှုရှိပြီး အနည်းငယ်သာ ကွာခြားသည်။

**အမွေရပိုင်ခွင့်**

ကျေးရွာ၏ လူမျိုးအရ ရှေးကအမျိုးသားများသာ အမွေကိစ္စသက်ဆိုင်သော်လည်း ယခုအခါ ထိုသို့ခွဲခြားမှု မရှိတော့ဘဲ ညီတူညီမျှ အမွေကို ခွဲဝေပေးကြသည်။

## အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ -

ကျား - ၄၉

မ - ၃၄

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခင်မြိုင်ဝင်း

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာချိတ်ဆက်မှု သုံးသပ်ချက်

**Main ကော်မတီအဖွဲ့**

Main ကော်မတီအဖွဲ့တွင် ကျေးရွာ၏ ယုံကြည်လေးစားရသော ရွာမိ ၊ရွာဖများနှင့် ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပါဝင်သည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေး ၊ သာရေး နာရေး ကိစ္စများ ၊ အစိုးရနှင့် ချိတ်ဆက်လုပ်ကိုင်ဆောင်ရွက်ပေးခြင်း ၊ ကျေးရွာပြဿနာများအားလုံး စသည်တို့ကို လုပ်ကိုင် ဆောင်ရွက်ပေးပါသည်။ ကျေးရွာ၏ အရေးပါဆုံး အဓိကကျသော အဖွဲ့တစ်ခုဖြစ်ပါသည်။

**ပညာရေးကော်မတီအဖွဲ့**

ကျေးရွာပညာရေးနှင့် သက်ဆိုင်သော ကိစ္စများတွင် တာဝန်ယူဆောင်ရွက်ပေးခြင်း ၊ ပညာရေး အလှူငွေကောက်ခံရာတွင် လိုက်လံကောက်ခံပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

**ကျန်းမာရေးကော်မတီ**

World Visionတို့နှင့် ပူးပေါင်းပြီး ကျေးရွာကိစ္စရပ်များကို ဆောင်ရွက်ပေးသလို ရပ်ရွာအတွင်း လိုအပ်သော ကျန်မာရေးနှင့် သက်ဆိုင်သော ကိစ္စရပ်များအားလုံးကို ဆောင်ရွက်သည်။

**မူကြိုကျောင်းကော်မတီ**

မူကြိုကလေးနှင့် ပက်သက်၍ ချိတ်ဆက်သောအဖွဲ့များ၏ အစည်းအဝေးများ တက်ရောက်ခြင်း၊ ကျေးရွာမူကြိုကလေးများအတွက် လိုအပ်သောအထောက်အပံများကို အလှူခံပေးခြင်း၊ ချိတ်ဆက်ပေး တို့ကို ဆောင်ရွက်သည်။

**World Vision အဖွဲ့**

World Vision အနေဖြင့် ကျေးရွာအတွင်း အသိပညာဆွေးနွေးပွဲ ၊ ဆေးဝါးကုသစရိတ်ပံပိုးပေး ခြင်း၊ မူကြိုဆရာမလစာ နှင့် အာဟာရပံ့ပိုးပေးခြင်း ၊ တီဗီ ၊ ဌက်ဖျား နှင့်ပက်သက်၍ သင်တန်းပေးခြင်း ၊ ဆီ ၊ ဆပ်ပြာမှုန့်နှင့် လိုအပ်သောအခြားအရာများကိုထောက်ပံပေးခြင်း ၊မိခင် နှင့် ကလေးကျန်းမာရေး နှင့် ပက်သက်ပြီး လိုအပ်သောငွေရေးကြေးရေး နှင့် ပစ္စည်းများကို ထောက်ပံပေးပါသည်။

**DRC အဖွဲ့**

မိုင်းနှင့်ပက်သက်၍ အသိပညာပေး အစည်းအဝေးများ ပြုလုပ်ပေးခြင်း နှင့် မိုင်းထိသောသူများကို ငွေရေးကြေးရေး ထောက်ပံမှုများ ပြုလုပ်ပေးပါသည်။

**လူထုဗဟိုပြုစီမံကိန်း (CDD)**

ထိုစီမံကိန်းများအနေဖြင့် ကျေးရွာအတွင်းလိုအပ်သော အခြေခံအဆောက်အအုံ များကို ဆောက်လုပ်ပေးပြီး ကျေးရွာလူထု အသိပညာ အရည်အသွေး တိုးတက်လာဖို့ ရန်အတွက် သင်တန်းများ ပေးပြီး ကျေးရွာလူထုပူးပေါင်းပါဝင်မှုအားဖြင့် အကောင်အထည် ဖော်ဆောင်ရွက်ကြပါသည်။

## ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးဒါဝီ

၂။ ဒေါ်ဒေစီ

**စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ**

၁။ ဦးမိုးဇက်

၂။ ဒေါ်မေရီလှိုင်း

**လည်ပတ်ထိန်းသိမ်းရေး ကော်မတီ**

၁။ ဦးန

. ၂။ ဒေါ်ဘယ်နဒဲတာ

**ဝယ်ယူရေး ကော်မတီ**

၁။ ဦးခွန်ပေါလ်

. ၂။ ဒေါ်အဲလစ်စဘက်

**ကျေးရွာစေတနာ့ဝန်ထမ်း**

၁။ဦးလောရိန်းရှို

၂။ဒေါ်အန်းဂျလာ

**ဝေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့**

၁။ဦးအလွိုင်းရှက်

၂။ဒေါ်အန်ဂျလီးနာ

**ငွေစာရင်းကိုင်**

၁။ ဦးဂျိုဝါနာ

ပါဝင်ဆွေးနွေးသူ -

ကျား - ၄၉

မ- ၃၄

မှတ်တမ်းတင်သူ

အမည်- ဒေါ်ခင်မြိုင်ဝင်း

ရာထူး-လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာအုပ်စုစီထောက်ကော်မတီဥက္ကဌ**

၁။ တီးရယ်

၂။ဒေါ်ဒေစီ

**ဘဏ္ဍာရေးဆပ်ကော်မတီ**

- **ဥက္ကဌ** – ဦးပိုးရယ်
- **စာရင်းကိုင်** – ဒေါ်မာရိယာ
- **အဖွဲ့ဝင်** – ဦးထျားရယ်

**အုပ်စုကော်မတီဝင်များ**

၃၅ဦး

**ဝေဖန်အကြံပြု**

ဦးသန်းအောင်

ပါဝင်ဆွေးနွေးသူ -
ကျား -၄၉ဦး
မ- ၃၄ဦး

မှတ်တမ်းတင်သူ
အမည်- ဒေါ်ခင်မြိုင်ဝင်း
ရာထူး-လူထုစည်းရုံးရေးမှူး

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | |
|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးအာလွိုင်း ရက် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09795668398 | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ခင်မြိုင်ထိုး | |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် လွိုင်ကော် | | ကျေးရွာအုပ်စု ဆိုး လဝီ | ကျေးရွာ ကယန်းဘာယာ ( တောင် ) | |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | 157 | ဘာသာ (၁) ခရစ်ယာန် | 157 |
| လူမျိုးစု (၂) ------------- | | ဘာသာ (၂) ------------- | |
| လူမျိုးစု (၃) ------------- | | ဘာသာ (၃) ------------- | |
| လူမျိုးစုရော -------------- | | ဘာသာရော ------------ | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 6 ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 20 ဦး | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 418 | 402 |
| လူမျိုးစု (၁)-ကယန်း | 418 | 402 |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| | | |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 148 | 9 |

ပ = 820

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☑ | စက်ပြင်ဆရာ | ☐ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ___________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ World Vision Care ( 2002 ) ( 2017 ) DRC

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /<u>မသိပါ</u>

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ 0.75 မိုင်

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် 10 မိနစ် ------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် ---------10 မိနစ်------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ငလျင်ကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---2015 - ရေလွှမ်း---
2017 - ရေလွှမ်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) Main ကော်မတီ........

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ 9.10.2017

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဆုမြင့်ဝင်း

လက်မှတ် [illegible] နေ့စွဲ 9.10.2017

## ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြင့်ဝင်း | | | |
| နေ့စွဲ 15.10.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု နွားလဒိုး | ကျေးရွာ ကယန်းသာယာ(တောင်) |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 15.10.2017 | 15.10.2017 | 49 | 34 | 83 | ကယန်း(83) |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 15.10.2017 | 15.10.2017 | 49 | 34 | 83 | ကယန်း (83) |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 10.11.2017 | 10.11.2017 | 43 | 33 | 76 | ကယား(28) ပအို့(25) ကချင်(6) ကယန်း(12) ရှမ်း(3) ဗမာ(2) |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 6.12.17 | 6.12.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 12.1.18 | 12.1.2018 | 53 | 73 | 126 | ကယန်း (126) |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 12.1.18 | 12.1.2018 | 6 | 7 | 13 | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး ရေးအစီအစဉ် ရေးဆွဲခြင်း | 12.1.18 | 12.1.18 | 6 | 7 | 13 | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 12.1.18 | 6 | 7 | 13 | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 12.1.18 | 6 | 7 | 13 | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 12.1.18 | 6 | 7 | 13 | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ဖေက်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မြိုင်ဝင်း | | | |
| နေ့စွဲ 15. 10. 2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု နွားလဒိုး | ကျေးရွာ ကယန်းဘာယာ(တောင်) |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | မိုးရာသီရွာလမ်းကြား သွားလာရခက်ခဲ ။ | ၁ | ကျန်းမာရေးဆေးပေးခန်း မလုံလောက်သည့် အခက်အခဲ ။ |
| ၂ | နွေရာသီ ရေ ရှားပါးသည့်အခက်အခဲ ။ | ၂ | မိုးရာသီ လမ်းပျက်သည့် အခက်အခဲ ။ |
| ၃ | တောင်ကျောင်း ခြံစည်းရိုး အကာအရံမရှိခြင်း ။ | ၃ | သန့်ရှင်းမှု အလေ့အကျင့် အားနည်းသည့် အခက်အခဲ ။ |
| ၄ | လယ်ဆည်ပိုက် [illegible] ခက်ခဲ ။ | ၄ | မူကြိုကလေးများ၏ နေရာအခက်အခဲ ကြုံတွေ့ရ ။ |
| ၅ | ရွာလမ်းကြားတံတား မရှိသည့် အခက်အခဲ ။ | ၅ | ဆရာ/ဆရာမ မကျွမ်းကျင်သည့် အခက်အခဲ ။ |
| ၆ | ရွာလူထု ပူးပေါင်း ပါဝင်မှု အားနည်း ။ | ၆ | ကလေးထိန်း ၊ အိမ်မှု ကိစ္စကြောင့် အချိန်ကုန် |
| ၇ | အလုပ်အကိုင် ၊ အသိပညာနည်းပါး ၊ ငွေးပါး ။ | ၇ | အလုပ်အကိုင်ပျက် ၊ စီးပွားရေးကောင်းမွန်မှု မရှိ |
| ၈ | ကလေးငယ်များ ကျောင်းပညာရေး သွားရန် အခက်အခဲ | ၈ | နိုင်သည့် အခက်အခဲ ။ |
| ၉ | များ ။ အလုပ်အကိုင် ပျက် ။ | ၉ | |
| ၁၀ | | ၁၀ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ကျေးရွာလမ်းကြားအားလုံး ကျောက်ချောလမ်းဖြစ်ရန် ။ | ၁ | အားလပ်ချိန်တိုင်း မိဘများ [illegible] ရဖို့ရန် ။ |
| ၂ | ကလေးငယ်များ အားလုံး ကျောင်းတက်နိုင်ရန် ။ | ၂ | ကလေးများ အားလုံး ကျန်းမာ ၊ ပညာတတ် ဖြစ်ရန် ။ |
| ၃ | ကျောင်း ခြံစည်းရိုး ကာရံ နိုင်ဖို့ရန် ။ | ၃ | ရွာလမ်းကြားအားလုံး ကျောက်ချောလမ်းဖြစ်ဖို့ရန် |
| ၄ | ရေလောက်ငှ၊ လုံလောက်စွာ သုံးစွဲနိုင်ရန် ။ | ၄ | အိမ်တိုင်း ရေလုံလောက်စွာ သုံးစွဲ နိုင်ဖို့ရန် ။ |
| ၅ | (၅) နှစ်အတွင်း ကလေးငယ်များ အားလုံး | ၅ | ကျန်းမာရေး [illegible] အိမ်သာ [illegible] သုံးစွဲ |
| | မူကြိုတက် နိုင်ဖို့ရန် ။ | ၆ | တက်ပြီး တိုးပွားလာစေဖို့ရန် ။ |
| ၆။ | မိဘများ အတွက် အသိပညာပေးဟောပြော | ၇ | |
| | ပွဲ များများ လုပ်နိုင်ဖို့ရန် ။ | ၈ | |
| | | ၉ | |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မူကြိုကျောင်းတည်ဆောက်ခြင်း | ကျ+မ | | |
| ၂ | [illegible]ကျောင်းခြံစည်းရိုးကာရံခြင်း | ကျ | | |
| ၃ | ကျောက်ချောလမ်း ([illegible]) | ကျ+မ | | |
| ၄ | [illegible]ခြင်း | ကျ+မ | | |
| ၅ | [illegible]ဆောက်ခြင်း | မ | | |
| ၆ | | | | / |
| ၇ | | | | |
| ၈ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | ကျ | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး[illegible] ---------- လက်မှတ် [signature] ---------- နေ့စွဲ 15.10.2017

## လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ပထမအကြိမ် ဒုတိယအကြိမ်အစည်းအဝေး

ကျေးရွာ - ကယန်းသာယာ (တောင်)

နေ့ရက် - ၁၅.၁၀.၂၀၁၇( တနင်္လာနေ့ )

နေရာ - ကယန်းသာယာ (တောင်) ခန်းမဆောင်

အစည်းအဝေးအစီအစဉ်

(၁)--အဖွင့်အမှာအစကားကို ကျေးရွာအုပ်ချုပ်ရေးမှူးဦးအလှိုင်းရှက်မှ ပြောကြားပေးခြင်း။

(၂)--လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်အင်ဂျင်နီယာမှူးမှ မိမိကိုယ်ကို မိတ်ဆက်ပေးခြင်း။

(၃)--စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်းစက်ဝန်းအကြောင်းရှင်းလင်း ခြင်း။

(၄)--လူမှုဆန်းစစ်ခြင်းများ ပြန်လည်သုံးသပ်ခြင်း နှင့် ဆွေးနွေးခြင်း။

(၅)--ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ကို (ဒုတိယနှစ်စက်ဝန်း)အတွက် ပြန်လည်အတည်ပြုဖွဲ့စည်းခြင်း။

(၆)--ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း။

(၇)--လက်ထောက်အင်ဂျင်နီယာမှူးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင် လုပ်ငန်းများရှင်းလင်းတင်ပြခြင်း။

(၈)--ကျေးဇူးတင်စကားပြောကြားခြင်းနှင့် အစည်းအဝေးပိတ်သိမ်းခြင်း။

အစည်းအဝေးတက်ရောက်သူဦးရေ

အမျိုးသား = ၄၉ယောက်

အမျိုးသမီး = ၃၄ ယောက်

စုစုပေါင်း = ၈၃ ယောက်

**အစီအစဉ်(၁)** ကို နံနက် (၁၀း ၀၀)တွင်စတင်ကျင်းပပါသည်။ အဖွင့်အမှာစကားကို ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအလ္လိုင်းရုက်မှ အဖွင့်အမှာစကားပြောကြားပေးပါသည်။ လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်အင်ဂျင်နီယာမှူးမှ မိမိကိုယ်ကို မိတ်ဆက်ပေးခြင်း။

**အစီအစဉ် (၂)** ကို လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြိုင်ဝင်းမှ စီမံကိန်းမိတ်ဆက်(၁၅)ချက်ကို ဦး ဆောင်ပြီး ရှင်းလင်းပေးခဲ့ပါသည်။လူထုမှနားမလည်တာများကို မေးမြန်းပြီး ပြန်လည်ဖြေကြားခဲ့ပါ သည်။

**အစီအစဉ် (၃)** လက်ထောက်နည်းပညာမှူး ဒေါ်စတယ်ဖီဟဲစေးထူးမှ စီမံကိန်းစက်ဝန်း အကြောင်းကို ရှင်းလင်းပြောကြားပေးခြင်းနှင့်လူထုမှနားမလည်တာများကို မေးမြန်းပြီး ပြန်လည်ဖြေကြားခဲ့ပါ သည်။

**အစီအစဉ် (၄)** လူမှုဆန်းစစ်ခြင်းကို ဒေါ်လူစီးယာ ၊ ဒေါ်စတယ်ဖီဟဲစေးထူး နှင့် ဒေါ်ခင်မြိုင်ဝင်းတို့ မှဦးဆောင်၍

**၁။ လူမှုဆန်းစစ်ခြင်းပြမြေပုံကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။**

## ပြန်လည်သုံးသပ်ချက်

ကယန်းသာယာ(တောင်)ကျေးရွာ၏ အိမ်ခြေမှာယခင်နှစ်မှာအိမ်ခြေ(၁၅၇)အိမ်ဖြစ်ပြီး ယခုနှစ်လည်း အိမ်ခြေပြောင်းလဲမှုမရှိပေ။ ကယန်းသာယာ(တောင်)ကျေးရွာ တွင် အမျိုးသား (၄၁၈)နှင့် အမျိုးသမီး (၄၀၂)ဦး စုစုပေါင်း (၈၂၀)ဦးနေထိုင်ပါသည်။ မသန်စွမ်း (၆)ဦးနေ ထိုင်ကြပါသည်။ တစ်ရွာလုံးနီးပါး ကယန်းလူမျိုး များ ဖြစ်ကြပြီး ကက်သလစ်ဘာသာ အများဆုံး ကိုးကွယ် ကြသည်။ အဓိကအသက်မွေးကျောင်းအားဖြင့် တောင်ယာ၊ လယ်ယာစိုက်ကြသည်။ ကျန်ကျေးရွာ များတွင်အလုပ်သွားရောက်လုပ်ကိုင်သူများလည်းရှိသည်။ လယ်ယာ၊တောင်ယာ နားချိန်တွင် နေ့စား၊အဌားလိုက်၊ ပြောင်းထိမ်း၊ပန်းရံနှင့် လက်သမားအလုပ်ကိုသာ လုပ်ကိုင်ကြသည်။ မိုးရာသီတွင် လမ်းများမကောင်းသောကြောင့် သွားလာရခက်ခဲပါသည်။ ကယန်းသာယာ (တောင်)တွင် ကျေးလက်ဆေးခန်း (၁)ခုရှိပါသည်။ စာသင်ကျောင်း ကျောင်းခြံစည်းမှာ ပျက်စီးနေသဖြင့် ကလေးများ လုံခြုံစွာ ပညာမသင်ကြားနိုင်ပါ။ ကျွဲနွားများ ဝင်ရောက်မှုကြောင့်နှင့် စက်ကြီးများဝင်ရောက်မှုကြောင့် ကျောင်းအရမ်းပျက်စီးနေသည်။ ယခုနေ့ လူထုဗဟိုပြုစီမံကိန်းမှ ပြုလုပ်ပေးသော ကျေးရွာခန်းမဆောင်မှာ ကယန်းသာယာ(တောင်)အတွက်သာမက အုပ်စုတစ်ခုလုံးအတွက်အလွန်အကျိုးရှိပါသည်။ အထောက်အကူရှိလှပါသည်။သို့သော် ခန်းမဆောင်သုံး အိမ်သာမရှိသေးသည့်အတွက် အစည်းအဝေးလုပ်ချိန်တွင် အလွန်အခက်အခဲရှိပါသည်။

(၂) ဥစ္စာနကြွယ်ဝမှုကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

ယခုနှစ်တွင် ကယန်းသာယာ(တောင်) ကျေးရွာအနေဖြင့် ချမ်းသာအဆင့်တွင် ဆန့်စက်သာတိုးလာ ပြီး အိမ်ခြေမှာ ယခင်အတိုင်းဖြစ်သည်။ အလယ်အလတ်တွင် အိမ်ခြေမှာ (၁၀၆)အိမ်မှ (၁၀၀)အိမ် (၇)အိမ်အထိတိုးလာပြီး ဆင်းရဲနွမ်းပါးတွင် အိမ်ခြေ(၃၅)မှ (၄၈)အိမ်တို့လာကြောင်းသုံးသပ်ခဲ့ပါသည်။

(၃) အရင်းအမြစ်သုံးစွဲမှုနှင့် ထိန်းချုပ်မှုကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

ပြောင်းလဲမှုမရှိပါ။ယခင်အတိုင်းဖြစ်သည်။.

(၄) ရာသီခွင်ပြ ပြက္ခဒိန်ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

ကျန်းမာရေးတွင် ဖွန်လမှ စက်တင်ဘာလထိ သွေးလွန်တုတ်ကွေးများဖြစ်ကြပြီး သောက်သုံးရေရရှိမှုတွင် နိုဝင်ဘာလမှစတင်ပြီး မတ်လအထိဖြစ်သည်။ကျန်ရှိသည်များမှာ ယခင်အတိုင်းဖြစ်သည်။

(၅) ပင့်ကူအိမ်သုံးသပ်ခြင်း ကို ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။

လုပ်အားခတန်းတူရရှိမှုမှာ ယခင်နှစ်အတိုင်းသာ ဖြစ်ပြီး အိမ်တွင်းမှုတွင် အမျိုးသားများ ယခင်နှစ်အဆင့် (၁၀)မှယခုနှစ်တွင် အဆင့်(၆)တွင်ရှိပြီး အမျိုးသမီးများ မှာ အဆင့် (၄)မှ အဆင့် (၆)ထိတိုးလာကာ အမျိုးသားနှင့်တန်းတူဖြစ်လာသည်။ဦးဆောင်ခွင့်တွင် အမျိုးသမီးများ အဆင့် (၄)မှ အဆင့် (၅)အထိတိုးလာကာ အမျိုးသားများမှာယခင်အတိုင်းဖြစ်သည်။အလုပ်အကိုင်အခွင့် အလမ်းတွင်ယခင်အဆင့်(၄)မှ ယခုတွင်အဆင့်(၆)ထိတိုးလာပါသည်။ ပူးပေါင်းပါဝင်ခွင့်တွင် ယခင် အမျိုးသမီး (၅)မှ ယခု အဆင့်(၇) ထိတိုးလာကာ ပညာသင်ကြားခွင့်တွင် ယခင်အမျိုးသား၊အမျိုးသမီ အဆင့်(၅)တွင်ရှိသော်လည်း ယခုအဆင့်(၉)ထိတိုးလာသည်။အမွေရပိုင်ခွင့်တွင်အမျိုးသမီးများအဆင့်(၁) မှ အဆင့်(၃)ထိတိုးလာကာ ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသား၊အမျိုသမီး အဆင့်(၅)မှ အဆင့်(၁၀)ထိတိုးလာသည်။

(၆) အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ ကို  ပြန်လည်သုံးသပ်ဆန်းစစ်ခြင်းကို ပြုလုပ်ခဲ့ကြပါသည်။
အနည်းငယ်ပြောင်းလဲမှုမှာCare မှာ ၂၀၀၈ခုနှစ်တွင်အသစ်တိုးလာသော အဖွဲ့အစည်း များမရှိသေး ပါ။ ယခင်နှစ်အတိုင်း ဖြစ်သည်။

## (၆)--ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြန်လည်သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း။

အခက်အခဲ ၊ အတားအဆီးများ

| အမျိုးသား | အမျိုးသမီး |
|---|---|
| (၁)ရပ်ဝေး၊တိုင်းတစ်ပါးတွင်သာ အလုပ်သွား ရောက်လုပ် ကိုင်ရသောကြောင့်အဆင်မပြေ၊ | (၁) မိုးရာသီတွင် ရွာတွင်းလမ်းကြား အားလုံးသွားလာရ ခက်ခဲ၊ |
| (၂) မူကြိုအရွယ်ကလေးများကို တောင်ယာ ခေါ်သွားရာ တွင် အန္တရာယ်များ | (၂) ရေဝယ်ရသောကြောင့် ကုန်ကျစရိတ်များပြား၊ |
| (၃) မိုးရာသီတွင်လမ်းချော်သောကြောင့် သွားလာ ရခက်ခဲ၊ | (၃) မူကြိုကလေးများကို ဘုရားကျောင်းပေါင်း တွင်သာ ထားရသောကြောင့် အဆင်မပြေ၊ |
| (၄)စာသင်ကျောင်းအတွင်းစက်များ၊ ကျွဲ ၊ နွား များ ဝင်ရောက်၍ ကျောင်းပျက်စီး၊ လုံခြုံမှုမရှိ၊ | (၄)ဆေးခန်းပြသရာတွင် ပိုက်ဆံအများကြီးပေးရ သော အခက်အခဲ၊ |
| (၅) စာကြည့်တိုက်အတွင်း စာအုပ်မလုံလောက်၊ စာဖတ်သူနည်းပါး၊ | (၅) ကျန်းမာရေးဆိုင်ရာ ဗဟုသုတနည်းပါး၊ |
| (၇)ကျေးရွာခန်းမဆောင်တွင် အစည်းအဝေးလုပ် ရာတွင် အိမ်သာမရှိသော ကြောင့် အဆင်မပြေ၊ | |
| (၈) စာကြည့်တိုက်အတွင်း စာအုပ်မလုံလောက်၊ စာဖတ်သူနည်းပါး၊ | |
| (၉)ကျေးရွာအတွင်းရေထွက်ပေါက်နှင့် ရေတိုင်ကီရှိ သော်လည်း ရေသွယ်မရ၊ | |
| (၁၀)ထုံးခါတ်များသောကြောင့်ရေသွယ်တန်းမရ၊ | |

## ၅။ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ကို (ဒုတိယနှစ်စက်ဝန်း)အတွက် ပြန်လည်အတည်ပြု ဖွဲ့စည်းခြင်း။

| | |
|---|---|
| ကျေးရွာစီထောက်ဥက္ကဋ္ဌ | (အမျိုးသား) -- ဦးဒါးဝီ |
| | (အမျိုးသမီး) -- ဒေါ်ဒေစီ |
| ဝယ်ယူရေးဆပ်ကော်မတီ | (အမျိုးသား) -- ဦးခွန်ပေါလ် |
| | (အမျိုးသမီး) -- ဒေါ်အဲလစ်စဘက် |
| စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ | (အမျိုးသား) -- ဦးမိုးဇက် |
| | (အမျိုးသမီး) -- ဒေါ်မေရီလှိုင်း |
| လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | (အမျိုးသား) -- ဦးန |
| | (အမျိုးသမီး) -- ဒေါ်ဘယ်နဒိတာ |
| ဝေဖန်အကြံပြုရေးဆပ်ကော်မတီ | (အမျိုးသား) -- ဦးအလွိုင်းရှက် |
| | (အမျိုးသမီး) -- ဒေါ်အန်ဂျလီးနာ |
| ငွေစာရင်းဆပ်ကော်မတီ | (အမျိုးသား) -- ဒေါ်ဂျိုဝါးနာ |
| ကျေးရွာစေတနာ့ဝန်ထမ်း | (အမျိုးသား) -- ဦးမောင်လောရိန်းရှို |
| | (အမျိုးသမီး) -- ဒေါ်အန်ဂျလာ |

အစည်းအဝေးတက်ရောက်လာသော သူအားလုံး၏ သဘောတူညီမှုဖြင့် ကော်မတီ အဖွဲ့ဝင် အမျိုးသမီး (၇)ဦး ၊ အမျိုးသား (၆)ဦး စုစုပေါင်း ၁၃ဦးကို ရွေးချယ်ခဲ့ပါသည်။

## မျှော်မှန်းလျှာထားချက်များ

### အမျိုးသား

(၁)ကလေးငယ်များအတွက်ရာယ်ကင်းစွာ ပညာသင်ကြား နိုင်ရန်နှင့် ဆော့ကစားနိုင်ရန်။

(၂) အလုပ်အကိုင်ကောင်းမွန်လာစေရန်။

(၃) ရေလုံလောက်စွာသုံးစွဲနိုင်စေရန်။

(၄)ကျောင်းသား၊သူများပညာကို လုံခြုံစွာသင်ကြားနိုင်ရန်။

(၅) စာပေလေ့လာသူ စိတ်ဝင်စားသူများလာစေရန်။

(၆) ရေနှင့်ပက်သက်သော နည်းပညာပိုမိုသိရှိလာစေရန်။

(၇) ကျန်းမာရေးနှင့် ညီညွတ်သော ယင်လုံအိမ်သာများ တိုးပွားလာစေရန်။

### အမျိုးသမီး

(၁) ရွာတွင်းလမ်းအားလုံးကောင်းမွန်လာစေရန်။

(၂)မူကြိုကျောင်းအတိအကျရှိရန်။

(၃) သောက်သုံးရေလုံလောက်စွာရရှိရန်။

(၄) ဆေးဝါးထောက်ပံ့မှုနှင့် သက်သာသော အဖိုးအခဖြင့် ကုသနိုင်ရန်။

## ဒုတိယနှစ်စက်ဝန်းအတွက် ဦးစားပေးအဆင့်သတ်မှတ်ခြင်း

| စဉ် | ဦးစားပေးလုပ်ငန်းအမည် | အဆိုပြုသူ(က+မ) | အဆင့် |
|---|---|---|---|
| ၁ | မူကြိုကျောင်းတည်ဆောက်ခြင်း။ | က+မ | ၁ |
| ၂ | စာသင်ကျောင်းခြံစည်းရိုး။ | က+မ | ၂ |
| ၃ | ကျောက်ချောလမ်း | က | ၃ |
| ၄ | အဝီစိတူးခြင်း။ | က+မ | ၄ |
| ၄ | ခန်းမဆောင်အိမ်သာ။ | က | ၅ |

(၇)--လက်ထောက်အင်ဂျင်နီယာမှူးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင် လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း။

လက်ထောက်အင်ဂျင်နီယာမှူး ဒေါ်နော်စတယ်ဖီဟာယ်စေးထူးမှ အကာအကွယ်များ၊ အကျုံးဝင်၊မဝင် လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်း။

(၈)--ကျေးဇူးတင်စကားပြောကြားခြင်းနှင့် အစည်းအဝေးပိတ်သိမ်းခြင်း။

## ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ် မူရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | မူကြိုကျောင်း တည်ဆောက်ခြင်း | မ ( ၅၆ )<br>ကျား( ၁၈ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေး ပညာရေး | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | | | ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | ကျောင်းခြံစည်းရိုး ကာရံခြင်း | မ( ၅၆ )<br>ကျား(၁၈ ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | ရွာတွင်းမှ ရေထွက် ပေါက်လမ်း | မ ( ၅၆ )<br>ကျား( ၁၈ ) | | | |
| | ၂ | အဝီစိတွင်းတူးပေး ခြင်း | မ ( ၅၆ )<br>ကျား( ၁၈ ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေး အဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | လူငယ်ရိပ်သာတည်ဆောက်ခြင်း | | √ | | | |
| ၂။ | ကျောင်းခြံစည်းရိုးပြုပြင်ခြင်း | | | √ | | |
| ၃။ | မူကြိုကျောင်းအသစ်တည်ဆောက်ခြင်း | | | | √ | |
| ၄။ | စာကြည့်တိုက်အသစ်တည်ဆောက်ခြင်း | | √ | | | |
| ၅။ | ရေနုတ်မြောင်းနှင့်ရေကျော်တံတား | | √ | | | |
| ၆။ | အဝီစိတွင်းတူးခြင်း | | | √ | | |
| ၇။ | ဆေးပေးခန်းအသစ်တည်ဆောက်ခြင်း | | | | √ | |

**ပါဝင်ဆွေးနွေးသူ -**

ကျား - ၅၆

မ - ၁၈

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်ခင်မြိုင်ဝင်း

ရာထူး -လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



